# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# သစ်တောဦးစီးဌာန
# တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်း၊ စီမံကိန်းဒါရိုက်တာရုံး
# ရုံးအမှတ်(၃၉)၊ နေပြည်တော်

## လုံခြုံရေးဝန်ထမ်းနေရာအတွက် အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သစ်တောဦးစီးဌာန၊ တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်းတွင် စီမံကိန်းကာလအတွင်း လစ်လပ်လျှက်ရှိသော အောက်ဖော်ပြပါ လုံခြုံရေးဝန်ထမ်းနေရာအတွက် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသောသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် အသက် (၁၈) နှစ်ပြည့်ပြီးသူနှင့် အသက် (၄၀)နှစ်မကျော်လွန်သူဖြစ်ရပါမည်။

(ဂ) အခြေခံပညာအလယ်တန်းအဆင့်ရှိသူဖြစ်ရပါမည်။ အစိုးရဝန်ထမ်းမဟုတ်သူဖြစ်ရပါမည်။

(ဃ) အသောက်အစားကင်းရှင်းသူ ဖြစ်ရပါမည်။

(င) စီမံကိန်းလုပ်ငန်းအခြေအနေပေါ်မူတည်၍ အလုပ်ချိန်အပြောင်းအလဲရှိနိုင်ပါသဖြင့် အချိန်မရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ အချိန်တိကျမှုရှိရမည်။

(စ) ယုံကြည်စိတ်ချရသောသူဖြစ်ရမည်။

(ဆ) ရေရှည်လက်တွဲလုပ်ကိုင်သူဖြစ်ရပါမည်။

(ဇ) အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရပါမည်။

(ဈ) ကျန်းမာရေးကောင်းမွန်ပြီး သွက်လက်ဖြတ်လက်၍ အမိန့်နာခံပြီးတာဝန်ကိုကျေပွန်စွာထမ်းဆောင်လိုသူဖြစ်ရပါမည်။

(ည) သစ်တောဦးစီးဌာန၊ တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်းမှ သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရပါမည်။

၂။ လျှောက်ထားလိုသူသည် အောက်ဖော်ပြပါ အချက်အလက်များဖြင့် ပြည့်စုံစွာ လျှောက်ထားရမည်-

(က) ကိုယ်ရေးမှတ်တမ်း

(ခ) ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ကျေးရွာ/ရပ်ကွက်တွင် နေထိုင်ကြောင်းနှင့်အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံချက်

(ဂ) သက်ဆိုင်ရာရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်

(ဃ) အိမ်ထောင်စုစာရင်းမိတ္တူ

၃။ တာဝန်ထမ်းဆောင်ရမည့်နေရာ - သစ်တောဦးစီးဌာန၊ တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်း၊ ဥယျာဉ်အုပ်ချုပ်ရေးမှူးရုံး၊ ရေဖြူမြို့နယ်။

၄။ လစာ - ၃၃၅,၀၄၀/- ကျပ်

၅။ လျှောက်လွှာနှင့်အတူ ကိုယ်ရေးရာဇဝင်အသေးစိတ်အချက်အလက်များနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမှ ထောက်ခံချက်တို့ကို **၂၀၂၅ ခုနှစ်၊ မေလ (၃၀) ရက်နေ့ထက်နောက်မကျစေဘဲ "တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်း၊ ဥယျာဉ်အုပ်ချုပ်ရေးမှူးရုံး၊ ရေဖြူမြို့နယ်၊ ကံပေါက်ဒေသသို့"** ရုံးချိန်အတွင်းလူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက **"တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်း၊ စီမံကိန်းဒါရိုက်တာရုံး၊ ရုံးအမှတ် (၃၉)၊ သစ်တောဦးစီးရုံးချုပ်၊ နေပြည်တော် (သို့မဟုတ်) ဥယျာဉ်အုပ်ချုပ်ရေးမှူး ရုံး၊ ရေဖြူမြို့နယ်၊ ကံပေါက်ဒေသသို့"** လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ်- ၀၉ ၄၄၈ ၅၃၇ ၃၇၀၊ ၀၉ ၇၉၄ ၈၉၇ ၂၂၈ သို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

စာအမှတ်၊ တနသရ(စီမံကိန်း/၀ထ/ /၂၀၂၅)
ရက်စွဲ ၊ ၂၀၂၅ ခုနှစ်၊ မေလ ( )ရက်

(ဆန်းမြင့်ထွန်း)
စီမံကိန်းဒါရိုက်တာ
တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်း

မိတ္တူကို
ရုံးလက်ခံ/မျှောစာတွဲ

**စီမံကိန်းလုံခြုံရေး၏ လုပ်ငန်းတာဝန်များ (Terms of Reference – ToR) မှာ အောက်ဖော်ပြပါ အတိုင်းဖြစ်ပါသည်–**

(က) နေ့စဉ်လူဝင်လူထွက်စာရင်းကို သေချာစွာပြုလုပ်ထားပြီး သက်သေအဖြစ် သေချာစွာ မေးမြန်းမှတ်တမ်းတင်ထားနိုင်ရမည်။

(ခ) ဝန်ထမ်းများ၏ လုံခြုံရေး၊ ရုံးနှင့်ရုံးပတ်ဝန်းကျင်လုံခြုံရေးတို့ကို သေချာစွာစောင့်ကြပ်ကြည့်ရှုပြီး မသင်္ကာစရာများတွေ့ရှိလျှင် တာဝန်ရှိသူသို့ ချက်ခြင်းအကြောင်းကြားရမည်။

(ဂ) လုပ်ငန်းခွင်အတွင်း အခြားပြင်ပအန္တရာယ်များကို ဥပဒေဘောင်အတွင်းမှ ကာကွယ်ပေးနိုင်ရမည်။

(ဃ) ထူးခြားဖြစ်စဉ်များကို မှတ်တမ်းတင်ထားနိုင်ရမည်။

(င) ရုံးကိစ္စ၊ ဝန်ထမ်းတို့နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို မပေါက်ကြားအောင်ထိန်းသိမ်းနိုင်ရမည်။

(စ) အလုပ်ရာထူးမှ နှုတ်ထွက်လိုပါက ဥယျာဉ်အုပ်ချုပ်ရေးမှူးထံသို့ အနည်းဆုံး (၁) လ ကြိုတင်အသိပေး၍ နှုတ်ထွက်ရမည်။